၇၅ ကြိမ်မြောက် ဆရာတော်အသျှင် ဦးဥတ္တမနို့အား ရှိသေလေးမြတ်စွာ ဦးညွတ်ဂါရဝပြုအပ်ပါသည်။

The Arakan International

# The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

## Political Dictionary

### နိုင်ငံရေးဝေါဟာရအဘိဓါန်

ABC war : လူသူအဆောက်အအုံများ အစုလိုက်အပြုံလိုက် သိကြီ ပျက်စီးစီနိုင်လောက်သည့် စွမ်းအားကြီး အဖျက်လက်နက်များ ( WMD အထူးသဖြင့် အနုမြူ၊ ဘိုင်အို အစဟိသည့် ဓါတုလက်နက်များ) အသုံးပြုလျှက် တိုက်ခိုက်သည့် စစ်ပွဲအမျိုးအစားအတွက် နိုင်ငံရေးလောကတွင် ယေဘူယျသုံးနှုန်းသည့် အသုံးအနှုံး။

Abdication : ဘုရင် (သို့မဟုတ်) ဘုရင်မ တစ်ဦးဦးမှ မိမိသဖေါဆန္ဒအလျှောက် နန်းစွန့်ခြင်း။ (မကြာခင်ကာလများအတွင်းက ကမ္ဘာ့သမိုင်း၏ ထင်သျှားသော နန်းစွန့်မှုတစ်ရပ်မှာ အင်္ဂလန်၏ အဌမမြောက် အက်ဒွါ့ဘုရင်၏ နန်းစွန့်မှုဖြစ်သည်။ အမေရိကန်တစ်လင်ကွာတစ်ဦးဖြစ်သည့် ဝီလီ ဆိမ်ပ်ဆွင် ကို အဆိုပါဘုရင်က လက်ထပ်ရန်ကြံစည်သောအခါ အင်္ဂလန်ထီးနန်းထုံးစံအရခွင့်မပြုသဖြင့် နန်းစွန့်လားခြင်းဖြစ်သည်။)

Abrogation : ဥပဒေ (သို့မဟုတ်) စာချုပ် (သို့မဟုတ်) သဖေါတူညီမှု တခုခုအား တဖက်သတ်ဖြစ်စီ၊ နှစ်ဦးနှစ်ဖက်သဖေါတူညီမှုဖြင့်ဖြစ်စီ ပြန်လည်ဖျက်သိမ်းခြင်း။

Absolutism : လုံးဝဥသုံ (အုပ်စိုးသည့်) အစိုးရ၊ နိုင်ငံတော်၏ အာဏာအရပ်ရပ်သည် (အာဏာသျှင်များကဲသို့) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အပေါ်၌ တည်မှီခြင်း (သို့မဟုတ်) ရုံးအဖွဲ့အစည်းတစ်ရပ်တည်းအပေါ်၌ တည်မှီခြင်း။

Academic freedom : တက္ကသိုလ်ပါမောက္ခတစ်ဦးဦးသည် သူ၏သုတေသနပြု လေ့လာတွိဟိချက်တစ်ရပ်ရပ်အား အများလက်ခံ သဖေါတူ နိူင်သည်ဖြစ်စီ၊ သဖေါမတူဘဲအငြင်းပွါးစရာပင်ဖြစ်စီ အဆိုပါ သုတေသီအပေါ် မည်သည့်ဖိအားတစ်စုံတစ်ရာ မဟိစီပဲ လွတ်လပ်စွာ ရီးသား၊ ထုတ်ဝီ၊ ဖြန့်ချီပိုင်ခွင့်။

Accidental war : အချက်အလက်များ လွဲမှားစွာတွက်ချက်မှု (သို့မဟုတ်) အခြားမှားယွင်းမှုတစ်စုံတစ်ရာကြောင့် ကြိုတင်ကြံရွယ်မှုမဟိပဲ တိုက်ခိုက်ဖြစ်ပွါးသည့် ခေတ်သစ်စစ်ပွဲ။

Accord: အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် စာချုပ်တစ်ရပ်ကဲသို့ခိုင်မာမှုမဟိပဲ သံတမန်နည်းလမ်းအရ သဖေါတူညီမှု။ (တခါတလီတွင် အေသဖေါတူညီမှုများသည်လည်း စာချုပ်စာတမ်းများကဲသို့ပင် ခိုင်မာသောအဆင့်အနီအထားတွင် ဟိနီတတ်ပါသည်။)

Accountability : တာဝန်ဝတ္တရားဟိမှု၊ တာဝန်ဝတ္တရားထိန်းသိမ်းမှု။ လူမှုကိစ္စ၊ လုပ်ငန်းဆောင်တာများတွင်ဟိတတ်သည့် တာဝန်ဝတ္တရား များအတိုင်း ထိန်းသိမ်းလုပ်ဆောင်မှု။ ဥပမာအားဖြင့် အလုပ်သမားသည် သူ၏လုပ်ငန်းတာဝန်ဝတ္တရားများအတိုင်း လုပ်ကိုင်ဆောင်ရွက်ရခြင်း။ (ဒီမိုခရေစီနိုင်ငံများ၌) ပြည်သူ့လွှတ်တော်အမတ်တစ်ဦးဦးသည် အများပြည်သူအပေါ် သူကတိကဝတ်ပြုဖူးသည့်အတိုင်း တာဝန်ဝတ္တရားကျီစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရခြင်း။ နိုင်ငံတော်သမ္မတသည် သူ၏ပြည်သူလူထုအားလုံးအပေါ် တာဝန်ဝတ္တရားကျီပြွန်စွာဖြင့် နိုင်ငံတော်တာဝန်ကိုထမ်းရွက်ရ ခြင်းများကို ဆိုလိုပါသည်။

Acculturation : မိမိရို့လူမျိုးစုပိုင် (သို့မဟုတ်) မိမိရို့၏မိရိုးဖလာယဉ်ကျေးမှုမဟုတ်ပဲ အခြားသူများ၏ ယဉ်ကျေးမှုတစ်ရပ်ရပ်အား အတုယူ ပြုမူဆောင်ရွက်ခြင်း။ (ဥပမာ အကျွန်ရို့ အချင်းချင်းတွိ့ဆုံကတ်သောအခါ လက်ဆွဲနှုတ်ဆက်ကတ်ခြင်းမျိုး)။

Act of state : နိုင်ငံအစိုးရတစ်ရပ်၏ လုပ်ငန်းဆောင်တာ။ နိုင်ငံအစိုးရမှအပ အခြားမည်သည့် ပုဂ္ဂလိက မှ လုပ်ကိုင်ဆောင်ရွက်ခွင့်မဟိသည့် လုပ်ငန်းကိစ္စမျိုး။

*ဆက်လက်ဖေါ်ပြပါမည်*